dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to solve Boat Crisis?"***

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ဝ၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "လှေစီးဒုက္ခသည်အရေး ဘယ်လိုဖြေရှင်းကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ထိုင်းနိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများဟုယူဆရသူတို့၏ ရုပ်အလောင်းများကို တွေ့ရှိပြီး နောက်ပိုင်းတွင် ဟိုးလေးတကျော်ဖြစ်လာခဲ့သည့် Boat People များအရေးမှာ အမေရိကန်၊ ကုလအဖွဲ့များ နှင့် နိုင်ငံတကာမီဒီယာများက အာရုံစိုက်ပြောဆိုလာကြအပြီး ထိုင်းနိုင်ငံ မေ ၂၉ ရက်နေ့မှာ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်း အထူးအစည်းဝေး တစ်ရပ်ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ဖိလစ်ပိုင်၊လာအို၊ ကမ္ဘောဒီးယား တို့အပြင် နိုင်ငံပေါင်း ၁၇နိုင်ငံတို့နှင့်အတူ အမေရိကန်၊ဆွစ်ဇာလန် ၊ဂျပန်တို့မှလည်း တက်ရောက် လေ့လာကြသည်ဟု သိရသည်။

ကပ္ပလီပင်လယ် နှင့် မလက္ကာရေလက်ကြားတွင် တွေ့ရှိရသော လှေစီးဒုက္ခသည်များမှာ မြန်မာနိုင်ငံမှ လာသည်ဟု ပြောဆိုနေမှုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှ နည်းပါးသည့်အရေအတွက် ပါဝင်ကောင်း ပါဝင်နိုင်သော်လည်း အများစုမှာ မိမိတို့နိုင်ငံမှ မဟုတ်သည်ကို ပြတ်ပြတ်သားသားပြောလိုကြောင်း ၊ မြန်မာနိုင်ငံသား ဟုတ်မဟုတ် လိုအပ်သည့် ဇစ်မြစ်ကိုစိစစ်ခြင်း၊ နိုင်ငံတကာကောင်စစ် လုပ်ငန်းများနှင့်အညီ စိစစ်ပြီး မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုနိုင်ပါက ကာကွယ်စောင့် ရှောက်မှုများ ပြုလုပ်ပေးခြင်းနှင့်ပြန်လည်ခေါ်ယူမှုများ ပြုလုပ်ပေးမည်ဟု ဒုတိယသမ္မတ ဦးညာဏ် ထွန်းက မေ ၂၁ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်တွင် ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်း သွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ကော်မတီတွင် ပြောကြားခဲ့သည့်အပြင် ဘန်ကောက်မြို့တွင်ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင်လည်း ကုလမှဒုက္ခသည်များအရေး ဆိုင်ရာ လက်ထောက်မင်းကြီး၏ မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံသားများအားလုံးအတွက် အပြည့်အဝတာဝန်ယူရမည်ဖြစ်ကြောင်း ပြောကြားမှုကို မြန်မာ့ကိုယ်စားလှယ်အဖြစ်တက်ရောက်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက ယခုပြဿနာမှာ လူကုန်ကူးမှုပြဿနာဖြစ်ပြီး မြန်မာတစ်နိုင်ငံတည်းသို့ ရွေးပြီးအပြစ်တင်ခြင်းကို လက်မခံကြောင်း တုန့်ပြန်ပြောဆိုခဲ့သည်။

လက်ရှိတွင် ပြည်တွင်းမီဒီယာများ၌ မြန်မာ့ရေတပ်မှ တွေ့ရှိခဲ့ရသူများကို ကုလနှင့် လူ့အခွင့်အရေးဆိုင်ရာပုဂ္ဂိုလ်များ၊မြန်မာမှတာဝန်ရှိသူများကတွေ့ဆုံမှုကိုဖော်ပြမှုများတွင်လည်း လူကုန်ကူးခံရသည့်အနေအထားများနှင့် ဘင်္ဂလားဒေ့ရှ်မှ ဖြစ်ကြောင်း၎င်းတို့ကိုယ်တိုင်ပြောကြားမှုများကို ထုတ်လွှင့်ပြသမှုများအရ တွေ့ရသည်။ မြန်မာမှ တာဝန်ရှိသူတို့၏ အဆိုအရ တွေ့ရှိရသူများတွင် မြန်မာနိုင်ငံမှ ၈ ဦးခန့်ရှိပြီး ကျန်သူများမှာ မြန်မာနိုင်ငံမှ မဟုတ်ကြောင်း သိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံက ၎င်း၏ရေပြင်တွင် အမေရိကန်လေယာဉ်များဖြင့် ရှာဖွေမှုကို မေ၂၉ရက်က စတင် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းဆိုလိုက်သည်။

ယခုအခါ ဒေသတွင်းတွင် ကျော်ကြားလာသည့် Boat People ပြဿနာမှာ ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးတိမ်းရှောင်သူတို့ကြောင့် အီးယူ၊ သြစတြေးလျနှင့် ဥရောပနိုင်ငံတို့တွင် တွေ့ကြုံနေခဲ့ရသည်မှာတော့ကြာနေပြီဖြစ်သည်။ ယခုတစ်ပတ် ဒီဗွီဘီဒီဘိတ်တွင် အဆိုပါ Boat People တို့နှင့် ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

"မေလ ၁၈ ရက်နေ့မှာလွှင့်တင်ခဲ့တဲ့ အယ်လ်ဂျာဇီးယား သတင်းဌာနရဲ့ "Rescued migrants in Aceh recount horrific journey"သတင်းဗီဒီယိုမှာ အာချေးကို ရောက် ရှိနေတဲ့ Boat People တွေ သူတို့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လာတာပါ၊ ဘင်္ဂလားကိုပဲ ပြန်ချင်ပါတယ် ဆိုပြီး ထုတ်ဖော် ပြောကြားလာခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၁ အစိုးရသစ် တက်မလာခင် တပ်မတော်အစိုးရ အုပ်ချုပ်ခဲ့ တဲ့ကာလကိုပြန်ကြည့်လိုက်ရင်လှေစီးခရီး သည်တွေ ရှိခဲ့တာပါပဲ။ အခု လိုပဲ ဟိုနားမှာတွေ့၊ ဒီနားမှာတွေ့ ဖြစ်ခဲ့တာပါပဲ။ ဒါပေမယ့် အဲဒီအချိန်က လှေစီးလူသားတွေရဲ့ ဇစ်မြစ်ဟာ မြန်မာနိုင်ငံတော့ မဟုတ်ခဲ့ပါဘူး။

" မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်အတွင်း ပဋိပက္ခတွေ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်လာပြီးတဲ့ နောက်မှာ လူမှောင်ခိုလုပ်ငန်းတွေရဲ့ အကာအကွယ်ဟာ "ဘင်္ဂလီ" ဆိုတာ ဖြစ်လာခဲ့တယ်။ တရားမဝင် အလုပ်သမားတင်ပို့ရာမှာ အကောင်းဆုံးဖုံးကွယ်မှုက "ဘင်္ဂလီဒုက္ခသည်" ဆိုတဲ့အကြောင်း ပြချက်ပဲ။ သက်ဆိုင်ရာနိုင်ငံတွေက လူပွဲစားတွေနဲ့ ချိတ်ဆက်ပြီး ပို့၊ မိတဲ့အခါမှာ ဘင်္ဂလီ ဒုက္ခ သည်တွေပါဆိုပြီး သနားစဖွယ် ပုံဖော်ပြလာခဲ့ကြပါတယ်။ ဒီလိုနဲ့ မြန်မာနိုင်ငံကို လက်ညှိုးထိုး၊ ဥပဒေမဲ့ လုပ်ချင်သလို လုပ်နေတဲ့ ကိစ္စတွေကို ဖုံးကွယ်။ ဒါတွေက "ဘင်္ဂလီ" အကာခြုံလွှမ်းထားတဲ့ ရာဇဝတ်မှုတွေပဲ ဖြစ်ပါတယ်။ "

**မှူးဇော် -** Boat People ပြဿနာတွေရဲ့ "အဖြေ" က ဘာလဲ

"အဓိကကတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်ခဲ့တဲ့အခြေအနေတွေအရ မြန်မာနိုင်ငံကလို့ ပြောမယ်ဆိုရင် အကူအညီတို့၊ နိုင်ငံတကာအကူအညီကို လွယ်လွယ်နဲ့ရတဲ့အခါကျတော့ ဒါကို လူကုန်ကူးတဲ့လူတွေက အသုံးပြုပြီးတော့မှ လုပ်နေတယ်လို့ပဲမြင်တယ်။ဘာကြောင့်လဲဆိုတော့ အတိတ်က အတွေ့အကြုံအရ တကယ်သွားပြီးတော့ တွေ့တဲ့အခါမှာ ၉၀ ရာခိုင်နှုန်းကျော်က နေတဲ့ရွာတို့ နာမည်လည်း မှန်အောင်မပြောနိုင်ဘူး။ ရွာကိုပြောနိုင်ရင်တောင် ရွာတည်တဲ့ နေရာကို မပြောနိုင်ဘူး။ ရွာမှာရှိတဲ့အမျိုးတွေ နာမည်မပြောနိုင်တာတွေလည်း အများကြီး တွေ့ရတယ်။"

"ဒီကိစ္စဟာ ဒုက္ခသည်ကိစ္စလို့ ကျနော်မမြင်ပါဘူး။ ဒါဟာ လူကုန်ကူးမှုပြဿနာလို့ မြင်ပါတယ်။"

**ဦးရဲထွဋ်** - ပြန်ကြားရေးဝန်ကြီး

***Information links:***

**www.burma.irrawaddy.org**
**www.dailydemocracytoday.com**
**www.dvbdebate.net**
**www.**Burmese.dvb.no